# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

**May 20, 2026** **Volume 102 , Number 13**


**၂၀. ၅.၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၃.၈၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၉.၅၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၀.၅၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၄.၁၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၈.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မကွေးတွင် GAPစနစ်ဖြင့် စိုက်ကေပေါင်း ၈၈၀၀၀ စိုက်ပျိုးရန်လျာထား




၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီအတွင်း မကွေးတိုင်းဒေသကြီးမှာ GAP စနစ်နဲ့ စိုက်ကေပေါင်း ၈၈,၀၀၀ စိုက်ပျိုးနိုင်ဖို့ လျာထားဆောင်ရွက်နေတယ်လို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကနေ သိရပါတယ်။

မကွေးတိုင်းဒေသကြီးမှာ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း GAP စနစ်နဲ့ ဆီထွက်သီးနှံ စိုက်ပျိုးတာကို ၂၀၁၇ ၂၀၁၈ ခုနှစ်ကတည်းက တွင်တွင်ကျယ်ကျယ် စတင်ဆောင်ရွက်လာခဲ့တာဖြစ်ပြီး ၂၀၂၅– ၂၀၂၆ ဘဏ္ဍာနှစ်မှာတော့ သီးနှံ ၉ မျိုးအတွက် GAP စိုက်ကေ ၇၈,၃၈၄ ကေ စိုက်ပျိုးနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒါ့ကြောင့် လက်ရှိစိုက်ပျိုးရာသီမှာ သီးနှံ၁၀မျိုးအတွက် စိုက်ကေပေါင်း ၈၈,၀၀၀ကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စနစ်နဲ့ စိုက်ပျိုးဖို့ လျာထား ဆောင်ရွက်နေတယ်လို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

GAP စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံတွေဟာ အရည်အသွေးမြင့်မားပြီး စီးပွားရေးအကျိုးအမြတ်တွေ ရရှိစေတဲ့အပြင် သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကိုပါ ရရှိစေမှာဖြစ်တယ်လို့လည်း ဆိုပါ တယ်။

လက်ရှိ မကွေးတိုင်းဒေသကြီးအတွင်းက တောင်သူတွေဟာ GAP စနစ်နဲ့ စိုက်ပျိုးတာက သီးနှံထွက်ရှိမှု ကိုသာမက ဈေးကွက်ကိုပါ ပိုမိုရရှိစေတဲ့အတွက် တစ်နှစ်ထက် တစ်နှစ် GAP စနစ်နဲ့စိုက်ပျိုးဖို့ကို စိတ်ဝင်စားမှု ပိုများလာတယ်လို့ သိရပါတယ်။

မကွေးတိုင်းဒေသကြီးမှာ သီးနှံစုံစိုက်ဧက ၆၄ သိန်းကျော်ရှိပြီး မြေပဲ၊ နှမ်း၊ နေကြာနဲ့ ဆီထွက်သီးနှံ စိုက်ဧကပေါင်း ၂၇ သိန်းကျော်ရှိတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## အေးခဲထားသည့် မြန်မာ့ဒူးရင်းသီးအနှစ်များကို တရုတ်ကဝယ်ယူရန် ကမ်းလှမ်းမှုများရှိနေ



အေးခဲထားသည့် မြန်မာ့ဒူးရင်းသီးအနှစ်များကို တရုတ်ဝယ်လက်များက ဝယ်ယူရန်ကမ်းလှမ်းမှုများရှိနေကြောင်း မြန်မာနိုင်ငံဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

မြန်မာ့ဒူးရင်းသီးကို လာမဲ့ ၂၀၂၇ ခုနှစ်အတွင်း ပြည်ပဈေးကွက်ဆီ အလုံးအရင်းဖြင့် တင်ပို့ရောင်းချသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံအနေဖြင့် အေးခဲထားသည့် မြန်မာ့ဒူးရင်းသီးအနှစ်များကို ဝယ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ကြောင်း သိရပါတယ်။

မြန်မာ့ဒူးရင်းသီးတွေကို ပြည်ပဈေးကွက်မှာ နေရာရရှိစေဖို့ရည်ရွယ်ချက်ဖြင့် ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် စက်တင်ဘာလ အတွင်းက တရုတ်နိုင်ငံ နန်နင်းမြို့တွင် ကျင်းပခဲ့တဲ့ ၂၂ ကြိမ်မြောက် တရုတ်- အာဆီယံကုန်စည်ပြပွဲမှာလည်း မြန်မာ့ဒူးရင်းသီးအကြောင်းကို မိတ်ဆက်ခဲ့ရာ တရုတ်လုပ်ငန်းရှင်တွေ စိတ်ဝင်စားခဲ့ကြောင်း သိရပါတယ်။


လာမည့် ၂၀၂၈ -၂၀၂၉ ဘဏ္ဍာနှစ်မှာ မြန်မာ့ဒူးရင်းသီးကို ထိုင်းနဲ့အိန္ဒိယနိုင်ငံတွေကို တင်ပို့သွားဖို့ စီစဉ်ဆောင်ရွက်နေကြောင်းလည်း သိရပါတယ်။

မြန်မာ့ဒူးရင်းသီးများကို ပြည်ပသို့ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံဒူးရင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရပါတယ်။

အဆိုပါအသင်းကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့မှ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့် ဖွဲ့စည်းထားသည့်အသင်းများကိုစုစည်းကာ နိုင်ငံအဆင့်အဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## သဖန်းဆိပ်ဆည်ဧရိယာအတွင်း နွေနှမ်းဧက ၆ သောင်းကျော် စိုက်ပျိုးထား



စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအတွင်း အခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီမှာ နွေနှမ်းဧက တစ်သိန်း စိုက်ပျိုးဖို့ လျာထားပြီး လက်ရှိမှာ ဧက ၆ သောင်းကျော်စိုက်ပျိုးထားတယ်လို့ တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက သိရပါတယ်။

သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအတွင်း မြို့နယ် ၆ မြို့နယ်ဖြစ်တဲ့ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ ဒီပဲယင်း၊ အရာတော် နဲ့ တန့်ဆည်မြို့နယ်တွေမှာ နွေနှမ်းစိုက်ပျိုးနိုင်ဖို့ ဆည်ရေကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကစပြီး ဖြန့်ဝေပေးခဲ့တယ်လို့ ဆိုပါတယ်။

တောင်သူတွေ နွေနှမ်းစိုက်ပျိုးရိတ်သိမ်းချိန်မှာလည်း စက်သုံးဆီ အခက်အခဲမဖြစ်စေဖို့အတွက် ခရိုင် မြို့နယ်တွေက စိုက်ပျိုးရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့တယ်လို့ ရွှေဘိုခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခုနှစ် နွေသီးနှံရိတ်သိမ်းချိန်မှာ ပန်းတိုင်အထွက်နှုန်းရရှိမှုအနေနဲ့ တစ်ဧကလျှင် နွေနှမ်းတင်း ၂၀ နဲ့ ၂၅ တင်းလောက် ထွက်ရှိခဲ့တယ်လို့ သိရပါတယ်။

အခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ဌာနဆိုင်ရာတွေကလည်း လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးခဲ့တယ်လို့ ဝက်လက်မြို့နယ်က တောင်သူတစ်ဦးက ပြောပါတယ်။

သဖန်းဆိပ်ရေလှောင်တမံဟာ ကန်ရေပြည့် ရေလှောင်ပမာဏ ၂ ဒသမ ၈ သန်းကျော် ဧကပေ ရှိရာ နှစ်စဉ် ပျမ်းမျှ မိုးစပါးဧက လေးသိန်းကျော်၊ နွေစပါးဧက နှစ်သိန်းကျော် နဲ့ အခြားသီနှံဧက သုံးသောင်း သုံးထောင်၊ စုစုပေါင်း ဧက ခုနစ်သိန်းခွဲကျော် အတွက် စိုက်ပျိုးရေပေးဝေနေတာဖြစ်ပါတယ်။

ပျမ်းမျှ တစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ကျော် ထုတ်လုပ်ပေးနိုင်တဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရေးနဲ့ လယ်ယာစိုက်ပျိုးရေးအတွက် များစွာ အကျိုးပြုတဲ့ ရေလှောင်တမံလည်း ဖြစ်ပါတယ်။

**Source :**https://onenewstvchannel.com/

## ငါးဖမ်းရာသီပိတ်ထားချိန် အေးခဲစက်ရုံများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်စည်မပြတ် စီးဆင်းလျက်ရှိ



ပင်လယ်ပြင် ငါး ၊ပုစွန်ပေါက်ပွားချိန် ငါးဖမ်းရာသီပိတ်ထားချိန်၌ ရန်ကုန်မြို့ရှိအေးခဲစက်ရုံ များ မှ ရေငန်ထွက်ကုန်များ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ကုန်စည်မပြတ် စီးဆင်းလျက်ရှိကြောင်း ဗဟိုစံပြငါးဈေးရှိ အမ်အမ်အေရေထွက်ကုန်ကုမ္ပဏီမှ သိရသည်။

ငါးဖမ်းရာသီဖွင့်ထားချိန်တွင် ရန်ကုန်မြို့ဆိပ်ကမ်းများသို့ ဝင်ရောက်လာသည့် ရေငန်ထွက်ကုန်များအား ရာသီပိတ်ချိန်တွင် မပြတ်ရောင်းချနိုင်ရန် ကုန်စည်အချို့အား အအေးခန်းစက်ရုံများသို့ ပို့ဆောင်ထားကြပြီး ရာသီပိတ်ချိန်ဧပြီလမှဇွန်လအထိ သုံးလအတွင်း ရွှေပိတောက်ငါးဈေးနှင့်ဗဟိုစံပြငါးဈေးတို့မှ ပြည်တွင်းစားသုံးမှုအဖြစ် ကုန်စည်စီးဆင်း၍ ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများမှ တရုတ်နိုင်ငံသို့ကုန်စည်မပြတ် တင်ပို့လျက်ရှိသည်။

“ပင်လယ်ငါးဖမ်းရာတွင် သုံးလမပိတ်မီဝင်လာတဲ့ ရေငန်ထွက်ကုန်တချို့တစ်ဝက်ကို ကုမ္ပဏီတွေက အေးခဲစက်ရုံကိုပို့ကြပါတယ်၊အဲဒီအချိန်က အအေးခန်းစက်ရုံဝန်ဆောင်ခထက် အခုအချိန်အအေးခန်း စက်ရုံဝန်ဆောင်ခစရိတ် မြင့်လာတာကြောင့် ရောင်းကုန်အပေါ်မှာ ဈေးနှုန်းမြင့်သွားပေမဲ့ ပြည်တွင်းဈေးကွက်မှာ ရေငန် ထွက်ကုန်ပြတ်လပ်မှု မရှိတဲ့အပြင် ရေချိုထွက်ကုန်ဈေးနှုန်း မြင့်မှုကိုလည်း ထိန်းစေပါတယ်၊ ပြည်ပပို့ကုန်ဆိုရင် မှာတဲ့အတိုင်း ကွန်တိန်နာတစ်လုံးဖြစ်စေ၊ နှစ်လုံးဖြစ်စေ အေးခဲစက်ရုံကနေပို့နေကြပါတယ်၊အဓိကငါးဖမ်းရာသီပိတ်ထားပေမဲ့ ပြည်ပပို့ကုန်ရပ်နားမှုမရှိပါဘူး၊ ဇူလိုင်လဆိုရင် ငါးဖမ်းရာသီပြန်ဖွင့်မှာဖြစ်လို့ ကုန်စည်စီးဆင်းမှု ပိုပြီး စည်ကားလာမှာပါ”ဟု ဗဟိုစံပြငါးဈေးရှိ အမ်အမ်အေကုမ္ပဏီမှ ရေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများမှ ရေငန်ပုစွန်မျိုးစုံ၊ ငါးမုတ်ဖြူ၊ ငါးမုတ်မဲ၊ ငါးရွှေ၊ ငါးသင်ဖြူ၊ သင်ဝါ၊ ငါးတံခွန်၊ ကကူရံ၊ကင်းမွန်နှင့် စားသုံးမှုများသောရေငန်ထွက်ကုန်များကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး ရန်ကုန်မြို့ရှိ တရုတ်ကုမ္ပဏီများမှငါးဖမ်းစက်လှေ ၅၀ ခန့်က ရေငန်ထွက်ကုန်များအား ကြို့ကုန်း၊ တောင်ဒဂုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ အအေးခန်းစက်ရုံများမှ တိုက်ရိုက်တင်ပို့သည့်အပြင် ဟိုင်လုံဆိပ်ကမ်း၊ ညောင်တန်းဆိပ်ကမ်း၊ ရွှေဇင်ယော်ဟိန်းဆိပ်ကမ်း နှင့် ကြို့ကုန်းဆိပ်ကမ်းတို့မှ ရေငန်ထွက်ကုန်များကိုလည်း ဝယ်ယူ၍ တရုတ်နိုင်ငံသို့ တင်ပို့လျက် ရှိသည်။

ရန်ကုန်ဈေးကွက်တွင် စားသုံးမှုများသည့် ပလာတူးငါး၊ မျက်ကြယ်ငါး၊ ပီသာငါး၊ မီးလုံးငါးအပါအဝင် အခြား ရေငန်ငါးများ အေးခဲထွက်ကုန်အဖြစ် ရောင်းအားသွက်လျက်ရှိသည်။

ရေငန်ထွက်ကုန်များအား အအေးခန်းစက်ရုံများသို့ ပို့ဆောင်ပါက 1kg (၆၂ ကျပ်ခွဲသား) တစ်ရက်အေးခဲခ ငွေကျပ် ၆၀၀၊ ထိန်းသိမ်းခအဖြစ် ငွေကျပ် ၅၀ ဝန်ဆောင်ခပေးရကြောင်း သိရသည်။

ရေငန်ထွက်ကုန်များ သင်္ကြန်မတိုင်မီတွင် အရောင်းအဝယ် အထူးကောင်းမွန်ခဲ့ပြီး သင်္ကြန်ကာလနောက်ပိုင်း အရောင်းအဝယ် ပုံမှန်အတိုင်းလည်ပတ်လျက်ရှိသည်။

ပြည်ပနိုင်ငံများအနေဖြင့် ရေငန်ထွက်ကုန်များကို အများဆုံးစားသုံးမှုကြောင့် မြန်မာ နိုင်ငံမှ နှစ်စဉ်ရေငန်ထွက်ပစ္စည်းများ တင်ပို့လျက်ရှိရာ ငါးဖမ်းရာသီပိတ်ထားချိန်၌ အအေးခန်းစက်ရုံများမှ ကုန်စည်မပြတ်စီးဆင်းမှုဖြင့် နိုင်ငံခြားဝင်ငွေရရှိလျက် ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဂျပန်နိုင်ငံအစိုးရသည် လောင်စာဆီဈေးနှုန်းများမြင့်တက်မှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအား လျော့ပါးသက်သာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ်အတွက် ဖြည့်စွက်ထပ်တိုးရန်ပုံငွေခွင့်ပြုပေးရန် စဉ်းစားလျက်ရှိ

ဂျပန်နိုင်ငံအစိုးရသည် လောင်စာဆီဈေးနှုန်းများမြင့်တက်မှုကြောင့်ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအား လျော့ပါး သက်သာစေရန်ရည်ရွယ် ၍ ၂၀၂၆ ခုနှစ်အတွက် ဖြည့်စွက်ထပ်တိုးရန်ပုံငွေခွင့်ပြုပေးရန်စဉ်းစားလျက် ရှိကြောင်း The mainichi သတင်းဌာန၏ အွန်လိုင်းသတင်းတွင် “Japan gov't mulling extra budget for FY 2026 to ease impact of oil prices” ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ရေနံစိမ်းဈေးနှုန်းများမြင့်တက်လာ ခြင်းကြောင့် ပြည်သူလူထုအပေါ် သက်ရောက်မှုကို လျှော့ချနိုင်ရန် ဂျပန်နိုင်ငံအစိုးရသည် ၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် ဖြည့်စွက်ထပ်တိုး ရန်ပုံငွေခွင့်ပြုပေးနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လမှစတင်၍ ပြည်တွင်းဓာတ်ဆီဈေးနှုန်းများကို တစ်လီတာလျှင် ယန်း ၁၇၀ ခန့်တွင် ထိန်းထားနိုင် ရေးအတွက် အစိုးရက ထောက်ပံ့ကြေးများပံ့ပိုးပေးခြင်းအပါအဝင် နေထိုင်စားသောက်မှု စရိတ်များမြင့်တက်လာခြင်းကို ရင်ဆိုင်နေရသည့် အိမ်ထောင်စုများ၏ ဝန်ထုပ်ဝန်ပိုးများလျော့ပါးသက်သာစေမည့် အစီအစဉ်များဆောင်ရွက်ရန် ဂျပန်နိုင်ငံသည် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသည့် အရန် ရန်ပုံငွေများအပါအဝင် ယန်း ၁ ထရီလီယံ (ဒေါ်လာ ၆ ဒသမ၃ဘီလီယံ) ကိုအသုံးပြုခဲ့ပြီး ဖြစ်ကြောင်း၊ အစိုးရသည် လာမည့်နွေရာသီတွင် လျှပ်စစ်နှင့်သဘာဝဓာတ်ငွေ့များအတွက်ပေးဆောင်ရာတွင် ထောက်ပံ့ကြေးများ ပြန်လည်စတင်ပေးအပ်ရန် စဉ်းစားလျက်ရှိကြောင်း ဖော်ပြထားသည်။

နိုင်ငံတွင် အရန်ထားရှိသည့် ဘဏ္ဍာငွေများကုန်ဆုံးသွားမည်ကို စိုးရိမ်လျက်ရှိခြင်းကြောင့် အစိုးရနှင့် အတိုက်အခံ ပါတီတို့သည် ဖြည့်စွက်ထပ်တိုးရန်ပုံငွေထားရှိရန် တောင်းဆိုလာကြကြောင်း၊ အရှေ့အလယ်ပိုင်း ဒေသပဋိပက္ခများ၏ အနာဂတ် တွင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများသည် မသေချာခြင်းကြောင့် ရေနံစိမ်းဈေးနှုန်းများဆက်လက်မြင့်မားနေပြီး ဓာတ်ဆီ

နှင့် အိမ်သုံးစရိတ်များအပေါ် ငွေကြေးဖောင်းပွသည့် ဖိအားကို တိုးစေခဲ့ကြောင်း၊ ဂျပန်ဝန်ကြီးချုပ် Sanae Takaichi သည် အရန် ရန်ပုံငွေများရှိသည့်အတွက် အပိုဆောင်းဘတ်ဂျက်တစ်ခုမလိုအပ်ဟု အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း လောင်စာဆီ ထောက်ပံ့ကြေးအတွက် ယန်းဘီလီယံရာပေါင်းများစွာကို လစဉ်ထုတ်ပေးရန် စီစဉ်ထားသည့်အတွက် ခွဲဝေပေးထားသော ရန်ပုံငွေများသည် ၂၀၂၆ ခုနှစ်၊ ဧပြီလကုန်တွင် ယန်း ၉၈၀ ဘီလီယံခန့်သာ ကျန်ရှိတော့ကြောင်း ဖော်ပြထားသည်။

**Source: https://mainichi.jp/english/articles/20260514/p2g/00m/0na/018000c**

**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## Samsung အား တရုတ် ZTE ကုမ္ပဏီကို မူပိုင်ခွင့်အတွက် အမေရိကန်ဒေါ်လာ ၃၉၂ သန်း ပေးလျော်ရန် ဗြိတိန်တရားရုံးချုပ်က အမိန့်ချ

Samsung အနေဖြင့် ZTE ကုမ္ပဏီ၏ မိုဘိုင်းလ်ဖုန်း မူပိုင်ခွင့် (Patents) ကို အသုံးပြုခအတွက် ဒေါ်လာ ၃၉၂ သန်း တစ်လုံးတစ်ခဲတည်း ပေးချေရန် ဗြိတိန်တရားရုံးချုပ်က အမိန့်ချမှတ်လိုက်သည်။

Samsung သည် ZTE အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စမတ်ဖုန်းကွန်ရက် Network ချိတ်ဆက်မှု မူပိုင်ခွင့်လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ပေးရန် လန်ဒန်တရားရုံး၌ တရားစွဲဆိုခဲ့သည်။

ZTE ကလည်း Samsung အား တရုတ်၊ ဂျာမနီနှင့် ဘရာဇီးနိုင်ငံတို့၌ အပြိုင် တရားစွဲဆိုထားသည်။

ယခုဆုံးဖြတ်ချက်မှာ ကုမ္ပဏီနှစ်ခုကြား ၂၀၂၁ ခုနှစ်က ချုပ်ဆိုခဲ့သော သဘောတူညီချက်ဟောင်းကို သက်တမ်းတိုးရန် ညှိနှိုင်းမှု မအောင်မြင်ခဲ့သောကြောင့် ချမှတ်ခဲ့ခြင်းဖြစ်ပြီး Samsung ဘက်မှ အများဆုံးပေးလိုသည့် ပမာဏ အမေရိကန်ဒေါ်လာသန်း ၂၀၀ ထက် ပိုများနေသလို ZTE ဘက်မှ တောင်းဆိုထားသည့် အမေရိကန်ဒေါ်လာ ၇၃၁ သန်းထက် လျော့နည်းနေကြောင်း သိရသည်။

ကုမ္ပဏီနှစ်ခုစလုံးက အဆိုပါစီရင်ချက်ကို အယူခံဝင်ပိုင်ခွင့်ရှိပြီး သဘောထားမှတ်ချက်ပေးရန် ငြင်းဆန် ထားသည်။

ယခုကဲ့သို့ မူပိုင်ခွင့်လိုင်စင်နှင့်စပ်လျဉ်း၍ ကမ္ဘာတစ်ဝှန်း ဆက်သွယ်ရေးလုပ်ငန်းနယ်ပယ်တွင် ဥပဒေကြောင်းအရ အငြင်းပွားမှုများ ဖြစ်ပွားလေ့ရှိပြီး ဗြိတိန်သည် မူပိုင်ခွင့် တရားစီရင်ရေးများနှင့်စပ်လျဉ်း၍ နာမည်ကျော်ကြားသလို တရုတ်တရားရုံးများသည်လည်း မျှတခြင်း၊ ကျိုးကြောင်း ဆီလျော်ခြင်း၊ ခွဲခြားမှုမရှိခြင်း fair, reasonable, and non discriminatory F RAND အတွက် နာမည်ကြီးကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

**Source : https://www.reuters.com**

https://commerce.gov.mm/

# STOCK EXCHANGE (20.5.2026)

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 14th May. 2026

| Trading Volume | Trading Value |
|---|---|
| 17,698 (Shares) | 90,923,850 (MMK) |

### Main Board

As of 1:00 p.m. 14th May. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,184 (Shares) | 86,462,650 (MMK) |

| MYANPIX | 607.79 ▼ 5.76 |
|---|---|
| Total Volume (shares) | 17,184 |
| Total Value (MMK) | 86 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,152,910 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 500 |
| MTSH | 00002 | 6,500 | ▲ 100 |
| MCB | 00003 | 9,400 | ▲ 0 |
| FPB | 00004 | 4,400 | ▲ 0 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 100 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th May. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 608.89 | +0.76 | +0.12% | 608.13 | 616.52 | 605.74 | 16,939 | 91,085,000 | 8 | 1,154,984 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 18th May. 2026

| Trading Volume | Trading Value |
|---|---|
| 27,193 (Shares) | 160,544,000 (MMK) |

### Main Board

As of 1:00 p.m. 18th May. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 26,939 (Shares) | 156,085,000 (MMK) |

| MYANPIX | 608.89 ▲ 0.76 |
|---|---|
| Total Volume (shares) | 16,939 |
| Total Value (MMK) | 91 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,154,984 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▲ 0 |
| MTSH | 00002 | 6,500 | ▲ 0 |
| MCB | 00003 | 9,300 | ▼ 100 |
| FPB | 00004 | 4,500 | ▲ 100 |
| TMH | 00005 | 3,250 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 4,200 | ▲ 0 |